**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ၉ /၉၈**

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်။

အကြောင်းအရာ။ **အကောက်ခွန်ဆိုင်ရာဆိုင်ရာ ယေဘူယျအခွင့်အရေးပေးမှုစနစ် (GENERALISED SYSTEM OF PREFERENCES GSP) အရ (FORM A) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း။**

၁။ မြန်မာနိုင်ငံသည် အကောက်ခွန်ဆိုင်ရာယေဘူယျအခွင့်အရေးပေးမှုစနစ် (GENERALISED SYSTEM OF PREFERENCES GSP) အရ၊ ဂျီအက်စ်ပီအခွင့်အရေးပေးသောနိုင်ငံများအနက် နိုင်ငံအချို့ထံမှလွဲ၍ အကျိုးခံစား ခွင့်ရှိသောနိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်မှစ၍ ပြည်ပပို့ကုန်များအတွက် (GSP FORM A) လျှောက်ထား မှုများကို ခွင့်ပြုထုတ်ပေးခဲ့ပါသည်။ သို့ရာတွင် စနစ်တကျ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထုတ်ပြန်ခြင်း မရှိခဲ့ပါ။

၂။ ယခုအခါ ပြည်ပပို့ကုန်တိုးတက်များပြားလာခြင်း၊ GSP အခွင့်အရေးပေးသောနိုင်ငံများ (PREFERENCE GIVING COUNTRIES) ၏ ဂျီအက်စ်ပီအစီအစဉ်များ ပြောင်းလဲလာခြင်း၊ အချို့နိုင်ငံများမှ စည်းမျဉ်းပိုင်းဆိုင်ရာ ကန့်သတ်မှုများ ရှိလာခြင်းတို့ကြောင့် (GSP FORM A) ထုတ်ပေးမှုအား စနစ်တကျ ပြန်လည်ဆောင်ရွက်ရန် လိုအပ် လာပါသည်။

၃။ သို့ဖြစ်ရာ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် (GSP FORM A) ထောက်ခံချက်များကို ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရာတွင် လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ပူးတွဲပါအတိုင်း သတ်မှတ်လိုက်ကြောင်းနှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ (၁၉၉၀ ခုနှစ် ဩဂုတ်လ ၁ ရက်) မှစ၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေး ကြေငြာ အပ်ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## (GSP FORM A) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

## (GSP FORM A) လျှောက်ထားနိုင်သူများ

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ထုတ်ကုန် သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ထားသူများသည် ထုတ်ကုန် လိုင်စင်ရယူပြီး ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့ရောင်းချရာတွင် ကုန်တင်ပို့သော နိုင်ငံသည် ဂျီအက်စ်ပီ အခွင့်အရေးပေးသောနိုင်ငံဖြစ်ပြီး၊ တင်ပို့သောကုန်ပစ္စည်းသည် ယင်းနိုင်ငံ၏ ဂျီအက်စ်ပီအစီအစဉ်၌ အကျုံးဝင်လျှင် ဂျီအက်စ်ပီ (FORM A) လျှောက်ထားနိုင်ပါသည်။

**GSP FORM A လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၂။ (GSP FORM A) လျှောက်ထားရာတွင် တင်ပြရမည့်စာရွက်စာတမ်းများ၊ အချက်အလက်များ ကိုလည်း ကောင်း၊ တင်ပို့သည့်စနစ်၏ ထူးခြားမှုအရ ပူးတွဲတင်ပြရန်လိုအပ်သည့် အခြားစာရွက်စာတမ်းများ၊ အချက်အလက် များကိုလည်းကောင်း သိရှိနိုင်ရန် အောက်အပိုဒ်များတွင် ရှင်းလင်းဖော်ပြထားပါသည်။

၃။ (GSP FORM A) လျှောက်ထားသည့်အကြိမ်တိုင်းတွင် အောက်ဖော်ပြပါ အချက်အလက်များ နှင့်စာရွက် စာတမ်းများ တင်ပြရပါမည် -

- (က) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လိပ်မူ၍ (COMPANY LETTER HEAD) ပါစာဖြင့် ပူးတွဲပါပုံစံအတိုင်း လျှောက်ထားရပါမည်။ (ပူးတွဲ - ၁)
- (ခ) လျှောက်ထားသောအဖွဲ့အစည်း၏ တာဝန်ရှိသူ (MD, GM, DIRECTOR) တစ်ဦးဦးက ရက်စွဲ ဖော်ပြ၍ လက်မှတ်ရေးထိုး လျှောက်ထားရပါမည်။
- (ဂ) အင်္ဂလိပ်ဘာသာလက်နှိပ်စက်ဖြင့် ပြည့်စုံစွာဖြည့်စွက်ထားသည့် (GSP FORM A) ပူးတွဲတင်ပြ ရမည်။ FORM A - ပေါ်ရှိ စာလုံးများကို ဖျက်ရာပြင်ရာမရှိစေဘဲ ထင်ရှားစွာ ရိုက်နှိပ် ပေးရမည်။
- (ဃ) BILL OF LADING မိတ္တူ
- (င) INVOICE မိတ္တူ
- (စ) ထုတ်ကုန်လိုင်စင်မိတ္တူ
- (ဆ) ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်မိတ္တူ
- (ဇ) ထုတ်ကုန်လိုင်စင်အရ GSP လျှောက်ထားပြီးစီးမှုအခြေပြဇယား (ပူးတွဲ - ၂)
- (ဈ) PACKING LIST မိတ္တူ

မှတ်ချက်။ ။ ပူးတွဲမိတ္တူအားလုံးကို တာဝန်ရှိ MD, GM, DIRECTOR - တစ်ဦးဦးက မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုး အတည်ပြုရပါမည်။